**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**(တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး**

**နည်းဥပဒေများကိုဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ)**

**အမိန့်ကြော်ငြာစာအမှတ် ၁၀၆/ ၂၀၂၀**

**၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်)**

Myanmar Law Information System (MLIS)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများ ကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများကိုဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ ဟုခေါ်တွင်စေရမည်။

၂။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေတွင် ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်ထောင်စုအစိုးရ အဖွဲ့" ဆိုသည့် စကားရပ်ကို "အစိုးရအဖွဲ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ရမည်။

၃။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ (ဂ) တွင် ပါရှိသော "မျိုးကောင်းမျိုးသန့်မျိုးစေ့များ" ဆိုသည့် စကားရပ်ကို "အရည်အသွေး ပြည့်မီသော ပျိုးပင်၊ မျိုးစေ့၊ မျိုး နှင့် သားပေါက်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ(ဈ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဈ) လယ်ယာမြေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း၊ စားကျက်မြေ၊ သစ်တောမြေ သို့မဟုတ် အခြား မြေများပေါ်တွင် မွေးမြူရေးခြံများ၊ ငါးမွေးမြူရေးကန်များအဖြစ် အသုံးပြုလျက်ရှိသော လုပ်ငန်း များကို တည်ဆဲဥပဒေများနှင့်အညီ တရားဝင်လုပ်ကိုင်အသုံးပြုခွင့်ရရှိစေရန်သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်း များနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း။"

၅။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၆၊ နည်းဥပဒေခွဲ(ည)၏ နောက်တွင် နည်းဥပဒေခွဲ (ည-၁)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

“(ည-၁) ငါးမွေးမြူရေးအပါအဝင်မွေးမြူရေးလုပ်ငန်း အသုံးပြုမြေအဖြစ် တည်ဆဲဥပဒေများအရ တရားဝင်လုပ်ကိုင် အသုံးပြုခွင့်ရရှိသူကို အောက်ပါအခွင့်အရေးများမှန်ကန်စွာရရှိစေရန် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(၁) ငါးမွေးမြူရေး အပါအဝင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင် အသုံးပြုခွင့်ရရှိသည့် မြေကို လက်ရှိ ထားပိုင်ခွင့်၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်အသုံးပြုခွင့်၊ ယင်းသို့ လုပ်ကိုင်အသုံးပြုခွင့်မှ ပေါ်ထွက် လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(၂) လယ်ယာမြေဥပဒေအရ ငါးမွေးမြူရေးအပါအဝင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်အသုံးပြုရန် ခွင့်ပြု မိန့်ရရှိသော မြေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(၃) မွေးမြူရေးလုပ်ငန်း လုပ်ကိုင်အသုံးပြုခွင့်ရရှိသည့်မြေကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ် ခံယူနိုင်ခွင့်၊

(၄) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ မွေးမြူရေးလုပ်ငန်း လုပ်ကိုင် အသုံးပြုခွင့်၊

(၅) မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သမဝါယမအသင်း၏ ရင်းနှီးမြှုပ်နှံမှု နှင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(၆) မွေးမြူရေးလုပ်ငန်းတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။”

၆။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေ ၁၇၊ နည်းဥပဒေ ၁၈ နှင့် နည်းဥပဒေ ၁၉ တို့တွင် ပါရှိသော “မျိုးစေ့၊ မျိုးသားပေါက်” ဆိုသည့် စကားရပ်ကို “ပျိုးပင်၊ မျိုးစေ့၊ မျိုး နှင့် သားပေါက်များ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၂၁ နှင့် နည်းဥပဒေ ၂၁ နည်းဥပဒေခွဲ (ခ)တွင် ပါရှိသော “နှစ်ပေါက်” ဆိုသည့် စကားရပ်ကို “နှစ်စဉ်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၂၃ တွင် ပါရှိသော “တောင်သူလယ်သမားတစ်ဦးချင်းကို အာမခံသူနှစ်ဦးစီဖြင့်” ဆိုသည့်စကားရပ်ကို “တောင်သူလယ်သမားတစ်ဦးချင်းစီက ၎င်းတို့ပိုင်ဆိုင်သောလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ကိုဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ ကိုယ်တိုင်အာမခံသည့်စနစ်ဖြင့်” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၉။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၄၁နှင့် နည်းဥပဒေ ၄၂ တို့တွင်ပါရှိသော “ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် မတ်လ (၃၁)ရက်နေ့အထိ” ဆိုသည့်

Myanmar Law Information System (MLIS)

စကားရပ်ကို "ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် စက်တင်ဘာလ (၃၀) ရက်နေ့အထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

Myanmar Law Information System (MLIS)